# သစ်စက်တည်ထောင်ခွင့်ပြုခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း

(၁) လုပ်ငန်းရှင်မှ အောက်ဖော်ပြပါအချက်အလက်များနှင့်အတူ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး သို့မဟုတ် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးသို့ တင်ပြလျှောက်ထားခြင်း-

(က) သစ်စက်တည်ထောင်ခွင့်လျှောက်လွှာ၊

(ခ) တည်ထောင်မည့်စက်ပစ္စည်းများစာရင်း (အမျိုးအစား၊ မြင်းကောင်ရေ၊ အင်ဂျင်နံပါတ်၊ လွှဝိုင်း အရွယ်အစား/အရေအတွက်၊ ခဲခြစ်၊ ဓါတ်ပုံမှတ်တမ်းများ)

(ဂ) တည်ထောင်မည့်တည်နေရာ၊ အကျယ်အဝန်း၊ မြေပုံ၊ Layout Plan ၊

(ဃ) မြေပိုင်ဆိုင်မှုအထောက်အထား (စက်မှုဇုန်၊ မြို့မြေတွင်ဖြစ်ပါက အမည်ပေါက်ဖြစ်ရမည်။ အရောင်းအဝယ်စာချုပ်ဖြင့်ဖြစ်ပါက မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှ မှတ်ပုံတင်ပေးရမည်။ လယ်မြေ၊ ယာမြေ၊ ဥယျာဉ်ခြံမြေအတွင်းဖြစ်ပါက သက်ဆိုင်ရာအစိုးရအဖွဲ့၏ လယ်ယာ မြေအားအခြားနည်းအသုံးပြုရန် ခွင့်ပြုမိန့်ပါရှိရမည်။

(င) စည်ပင်သာယာရေးအဖွဲ့၊ လျှပ်စစ်ဦးစီးဌာန၊ မီးသတ်ဦးစီးဌာနတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက် (စည်ပင်သာယာရေးအဖွဲ့၏ ထောက်ခံချက်မှာ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကျရောက်ကြောင်း ထောက်ခံချက်ဖြစ်ရမည်)

(စ) ပတ်ဝန်းကျင်နေထိုင်သူများ (အလားလေးရပ်)မှ ထောက်ခံချက်၊

(ဆ) မြို့နယ်/ ရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့၏ ထောက်ခံချက်၊

(ဇ) ကုန်ကြမ်းစုဆောင်းထားရှိကြောင်း အထောက်အထားပြေစာများ

(ဈ) အသုံးပြုမည့်စက်ပစ္စည်းများနှင့် ကုန်ကြမ်းများ၏ ဓါတ်ပုံမှတ်တမ်းများ

(၂) သစ်အခြေခံအသုံးပြုသည့်စက်ရုံတည်ထောင်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ စိစစ်ရေးအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးပြီး ခွင့်ပြု သင့်/ မသင့် ညွှန်ကြားရေးမှူး၏

သဘောထားမှတ်ချက်ဖြင့် ပြန်လည်တင်ပြရန် ညွှန်ကြားရေးမှူးချုပ်ရုံးမှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ အကြောင်းကြားခြင်း၊

(၃) စိစစ်ရေးအဖွဲ့ဖွဲ့စည်း၍ ကွင်းဆင်းစစ်ဆေးခြင်း၊ ညွှန်ကြားရေးမှူး၏ သဘောထား မှတ်ချက်ဖြင့် ပြန်လည်တင်ပြခြင်း၊

(၄) သစ်တောဦးစီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ သို့ တင်ပြခွင့်ပြုချက်ရယူခြင်း၊

(၅) သစ်တောဦးစီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ ဆုံးဖြတ်ချက်အရ သဘောတူခွင့်ပြုပါက ပြည်ထောင်စုဝန်ကြီးရုံးသို့တင်ပြခြင်း၊

(၆) ပြည်ထောင်စုဝန်ကြီးရုံး၏ ခွင့်ပြုချက်ရရှိပါက သစ်အခြေခံအသုံးပြုသည့် စက်ရုံ တည်ထောင်ခွင့်ပြုကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် သို့ အကြောင်း ကြားခြင်း၊

(၇) သတ်မှတ်အခွန်နှုန်းပေးသွင်းပြီးပါက ခရိုင်သစ်တောဦးစီးဌာနမှ လိုင်စင်ထုတ် ပေးခြင်း။